# ဓမ္မမိတ်ဆွေများအသင်းအကြောင်း

## ဓမ္မမိတ်ဆွေများအသင်း စတင်ပေါ်ပေါက်လာခြင်း

၁၉၉၉ – ခုနှစ်။ ဧပြီလ (၁၀)ရက်နေ့တွင် ဓမ္မမိတ်ဆွေများအသင်းအား ဆရာတော် ဦးမဟောသဓ ပဏ္ဍိတ၊ ဆရာတော် ဦးအဘယာလင်္ကာရ ဆရာတော်ကြီးနှစ်ပါးအား လျှောက်ထား၍ ဖွဲ့စည်းခဲ့ပါသည်။

တစ်ဘက်မှလည်း ဆရာတော်များ၏ အကြံပေးချက်အရ ဓမ္မမိတ်ဆွေများအသင်းအတွက် သံဃာတော် ရှာဖွေခဲ့ပါသည်။ အသင်းအတွက် သံဃာရှာဖွေရာ၌ သက်ကြီးဝါကြီး၍ သိက္ခာသမာဓိနှင့် ပြည့်စုံသော ဆရာတော် တစ်ပါးကို အဓိကကထား၍ ရှာဖွေရန်ကိုပါ ဆရာတော်နှစ်ပါးမှ ဓမ္မမိတ်ဆွေများအသင်းအား အကြံပေးခဲ့ပါသည်။

၂၀၀၀–ခုနှစ် နွေရာသီတွင် ရွှေမန်းဆရာတော်ကျောင်းသို့ ကနေဒါနိုင်ငံမှ အလယ်အပတ်ဗီဇာဖြင့် ရောက်ရှိနေသော ဆရာတော် ဦးဝိလာသနှင့်တွေ့ဆုံ၍ အသင်းအကြောင်းလျှောက်ထားရာ ဆရာတော်ဦးဝိလာသမှ မိမိသည် နိုင်ငံခြား၌သာသနာပြုလိုကြောင်း၊ ထို့ကြောင့် ဓမ္မမိတ်ဆွေများအသင်းမှ စပွန်စာပို့ပေးနိုင်လျှင် အမေရိကန်နိုင်ငံ၌ သာသနာပြုချင်ကြောင်း အသင်းအမှုဆောင်များအား ပြောပြပါသည်။ အသင်းအမှုဆောင်များမှ ဆရာတော် ဦးဝိလာသအား "အရှင်ဘုရားအနေနှင့်ဆန္ဒရှိက စပွန်စာပို့ပေးမည်၊ သို့သော် တပည့်တော်တို့အသင်းမှ ရှာဖွေနေသည်မှာ သက်တော်ဝါတော်ကြီး သိက္ခာသမာဓိနှင့်ပြည့်စုံသော ဆရာတော်ကြီးတပါးသာဖြစ်ကြောင်း၊ အရှင်ဘုရားအနေနှင့် ဓမ္မမိတ်ဆွေများအသင်းတွင် သီတင်းသုံးမည်ဆိုပါက ကျောင်းထိုင်ဆရာတော်အဖြစ် မဟုတ်ဘဲ ကျောင်းနေသံဃာအဖြစ်နှင့်သာ သီတင်းသုံးနိုင်ကြောင်း" လျှောက်ထားရာ သဘောတူသဖြင့် စပွန်စာ ပေးပို့ခဲ့ပါသည်၊ ၂၀၀၀–ခုနှစ် အောက်တိုဘာလ(၂၈) ရက်နေ့တွင် ဆရာတော်ဦးဝိလာသသည် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံ ဓမ္မမိတ်ဆွေများအသင်းသို့ ကြွရောက်လာခဲ့ပါသည်။

## မစိုးရိမ်ဆရာတော်ကြီး ကြွရောက် သီတင်းသုံးခြင်း

၂၀၀၁–ခုနှစ်။ ဇန္နဝါရီလ တတိယအပတ်တွင် မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်မှ ဆရာတော် ဦးကောဝိဒါဘိဝံသသည် ရွှေမန်းဆရာတော်၏ ပင့်ဆောင်မှုဖြင့် ရွှေမန်းဆရာတော့်ကျောင်းသို့ ကြွရောက်လာ ပါသည်။ ရွှေမန်းဆရာတော်က ဓမ္မမိတ်ဆွေများအသင်း အမှုဆောင်များအား မစိုးရိမ်ဆရာတော်ထံ လာရောက် ဖူးမျှော်ရန် ပြောကြားသဖြင့် ဆရာတော်အား သွားရောက်ဖူးမျှော်ကြပါသည်။ ဆရာတော်သည် ဓမ္မမိတ်ဆွေများ အသင်း ယာယီငှားရမ်းထားသော Ave.U (၁၂) လမ်းရှိ အခန်းငှားကလေးတွင် အပတ်စဉ် စနေနေ့တိုင်း တရားဟောကြားပါသည်၊ ရွှေမန်းဆရာတော် L.A သို့ ခရီးရှည်သွားရောက်နေသည့်အတွက် မစိုးရိမ် ဆရာတော်ကြီးအား ဓမ္မမိတ်များအသင်း နောက်ထပ်ငှားရမ်းထားသော Ave.V (၁၄)လမ်းရှိ အခန်းသို့ပင့်ဆောင်၍ သီတင်းသုံးစေကာ ပြုစုစောင့်ရှောက်ကြပါသည်။ မစိုးရိမ်ဆရာတော် ဦးကောဝိဒါဘိဝံသနှင့် ဆရာတော် ဦးမဟောသဓပဏ္ဍိတတို့သည် အလွန်ရင်းနှီးသော သံဃာမိတ်ဆွေများ ဖြစ်ပါသည်။ ဆရာတော် ဦးမဟောသဓ ပဏ္ဍိတမှ မစိုးရိမ်ဆရာတော်ကြီးအား သူသီတင်းသုံးနေရာ Austin သို့ပင့်ဆောင်၍ တစ်လကျော်မျှ ပြုစုစောင့် ရှောက်ပါသည်။ တစ်ဘက်မှလည်း ဓမ္မမိတ်ဆွေများအသင်းဥက္ကဋ္ဌ ဦးထွန်းမင်းထံ ဖုန်းဆက်၍ "ဒကာကြီးတို့ အသင်း အင်မတန်ကံကောင်းကြောင်း၊ ဆရာတော်ကြီးအား အသင်းကိုအပ်ရန် သူနှင့်တကွ ဆရာတော် ဦးအဘယာလင်္ကာရကပါ သဘောတူကြောင်း" ပြောကြားပါသည်။ ဆရာတော် Austin မှ ပြန်ကြွလာသောအခါ

ဆရာတော်အားလျှောက်ထားရာ ဆရာတော်က "သူမြန်မာနိုင်ငံသို့ ပြန်ရောက်လျှင် စဉ်းစားအုံးမည်ဖြစ်ကြောင်း" ပြောကြားပါသည်။ မစိုးရိမ်ဆရာတော်ကြီးသည် မြန်မာနိုင်ငံသို့ June လ(၁၆)ရက်တွင် ပြန်ကြွသွားပါသည်။

၂၀၀၁ ခုနှစ်။ အောက်တိုဘာလတွင် ဆရာတော်ထံဖုန်းဆက်၍ အကျိုးအကြောင်းလျှောက်ထားရာ ဆရာတော်က စပွန်စာ ပို့ခိုင်း၍ ပို့လိုက်ရာ ၂၀၀၂-ခုနှစ် ဧပြီလတွင် ပြန်လည် ကြွရောက်လာပါသည်။ ဧပြီလ ၂၀-ရက်နေ့တွင် ဆရာတော်ထံ အသင်းကိုအပ်နှံရာ ဆရာတော်က သူသည် "မစိုးရိမ်ဆရာတော်ဖြစ်တဲ့အတွက် ကျောင်း၏အမည်ကို မစိုးရိမ်အမည်တပ်မည်ဖြစ်ကြောင်း" ပြောကြားပြီး လက်ခံလိုက်ပါသည်။ ထိုနေ့မှစ၍ မစိုးရိမ်ဆရာတော်ကြီးသည် ဓမ္မမိတ်ဆွေများအသင်း မစိုးရိမ်သာသနဇောတိကကျောင်းတွင် နာယက ကျောင်းထိုင် ဆရာတော်အဖြစ်ဖြင့် တပည့်ဖြစ်သူ ကျောင်းနေသံဃာ ဦးဝိလာသနှင့် အတူလက်တွဲကာ အမေရိကန် ၆-လ၊ မြန်မာနိုင်ငံ ၆-လ သတ်မှတ်ခါ သာသနာအကျိုးကို ရွက်ဆောင်ပေးခဲ့ပါသည်။ ၂၀၀၃-ခုနှစ်၊ အောက်တိုဘာလတွင် 2321 East 15th Street ရှိ ယခုအဆောက်အဦးအားဝယ်ယူ၍ ၂၀၀၃- ခုနှစ်။ နိုဝင်ဘာ ၂-ရက်နေ့တွင် သိမ်သမုတ်ပွဲ၊ ကျောင်းရေစက်ချပွဲ၊ ကျောင်းဖွင့်ပွဲများကို တပါတည်းစုပေါင်းကာ ပြုလုပ်ခဲ့ပါသည်။ ဆရာတော်ကြီးသည် အသက်ပင်ကြီးရင့်သော်လည်း ကိုယ်ကျိုးကိုမကြည့်ဘဲ သာသနာအကျိုးနှင့် ကိုးကွယ်သူ ဒကာ၊ ဒကာမများ အကျိုးကိုငဲ့ကွက်ခါ သာသနာပြုသွားခဲ့ပါသည်။ အကြောင်းကြောင်းကြောင့် အဆင်မပြေ သည်များ ဖြစ်လာသောအခါ ဒကာ၊ ဒကာမများ စိတ်ချမ်းသာစေရန် တစ်ပါးတည်း အနစ်နာခံကာ ဆက်လက်၍ သာသနာကို စောင့်ရှောက်ပေးခဲ့ပါသည်။ ဆရာတော်သည် မြန်မာနိုင်ငံသို့ပြန်သွားစဉ် ကျောင်း၌ ပွဲတော်များ မပျက်ကျင်းပနိုင်ရန် လောကချမ်းသာကျောင်း ဆရာတော်ဦးဣန္ဒကအားလည်းကောင်း။ ဆရာတော် ဦးမဟောသဓပဏ္ဍိတအားလည်းကောင်း၊ ဆရာတော်ဦးအဘယာလင်္ကာရအားလည်းကောင်း အကူအညီ တောင်းခါ ကျောင်းပွဲများကို ပြုလုပ်စေခဲ့ပါသည်။ ဆရာတော်ကြီးသည် မစိုးရိမ်သာသနဇောတိကကျောင်းတွင် သံဃာမပြတ်စေရန်နှင့် ဓမ္မမိတ်ဆွေများအသင်း၏ သာသနာအခွန့်ရှည်ကြာတည်မြဲစေရန်ရည်ရွယ်၍ သံဃာ တော်များလိုက်နာရန် စည်းကမ်းချက်များကိုရေးသားကာ ဘုရားခန်း၌ နံရံတွင် ကပ်ထားခြင်း၊ ဒကာ,ဒကာမ များအား ဘာသာရေးနှင့် ပတ်သက်သောလိုက်နာရမည့် စည်းကမ်းများကို သင်ကြားဆုံးမပေးခြင်း၊ ဝတ်ရွတ် အသင်းများဖွဲ့စည်းကာ ပဋ္ဌာန်း(၂၄)ပစ္စည်း အကျဉ်း ပစ္စယုဒ္ဒေသ၊ မကျဉ်းမကျယ် ပစ္စယနိဒ္ဒေသစသော ပရိတ်, ပဋ္ဌာန်း ရွတ်ဖတ်နည်းများကို သင်ကြားပေးပြီး တနင်္ဂနွေနေ့တိုင်း ကျောင်းရှိဘုရားခန်းတွင် ဒကာ, ဒကာမများကို လာရောက်စေခါ ဘုရားရှိခိုးခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းများကို ပြုလုပ်စေခဲ့ပါသည်။ တစ်ဘက်မှလည်း ကျောင်း၌သံဃာမပြတ်စေရန် မန္တလေးမြို့မှ သူ၏တပည့်သားသံဃာများကို အလှည့်ကျ ပင့်ဆောင်နိုင်ရန် ဓမ္မမိတ်ဆွေများအသင်း အမှုဆောင်များနှင့်တိုင်ပင်၍ အစီအစဉ်များပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

## "ဆရာတော်နှင့် ထူးဆန်းသောဘုရားကြီး"

၂၀၀၄-ခုနှစ်။ ဧပြီလ(၁၄)ရက်နေ့ တွင် ဆရာတော်မြန်မာနိုင်ငံမှ ပြန်ကြွလာသဖြင့် လေယာဉ်ကွင်းတွင် သွားကြိုခဲ့ပါသည်။ ခရီးသည်များကုန်သွားသော်လည်း ဆရာတော်ထွက်မလာသဖြင့် လေယာဉ်ကွင်းရှိ တာဝန်ခံ များအားမေးကြည့်ရာ "အရှေ့တိုင်းဘုန်းတော်ကြီးတပါး လူတရပ်ထက်ကျော်သော သစ်သားပုံးကြီးဘေးတွင် ထိုင်နေကြောင်း၊ ထိုဘုန်းကြီးအား မေးမြန်းကြည့်ရာ ပုံးထဲ၌ ဘုရားရုပ်ပွားတော်တစ်ဆူ ပါလာသည်ဟု ဖြေကြောင်း" ပြောပြပါသည်။ ထိုကြောင့် ဆရာတော်အား သွားကြိုသူများသည် လေယာဉ်ကွင်းတာဝန်ခံများအား အကျိုးအကြောင်း ရှင်းလင်းပြောပြကာ ဆရာတော်နှင့်အတူ သူပင့်ဆောင်လာသော ဘုရားရုပ်ပွားတော်ကြီးကိုပါ

မတိုးရိမ်သာသနဓောတိကကျောင်းသို့ ပင့်ဆောင်ခဲ့ပါသည်။ ကျောင်းသို့ရောက်၍ သစ်သားပုံးကြီးအား ဖွင့်ကြည့်ရာ ရွှေချထားသော အင်မတန်သပ်ပယ်သည့် ရေးဟောင်း ဘုရားတစ်ဆူကို ဖူးမြင်ရပါသည်။ ဆရာတော်၏ ပြောကြားချက်အရ အင်းဝခေတ်လက်ရာဖြင့် ထုလုပ်ထားသော မန်ဘုရားတစ်ဆူ ဖြစ်ကြောင်း၊ နှစ်ပေါင်း ဘယ်လောက်ကြာသည်ကို သူလည်းမသိကြောင်း။ ဒကာတစ်ဦးက ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် လာရောက်လှူဒါန်းထားကြောင်း။ ထိုဘုန်းကြီးကျောင်းမှ ဘုန်းတော်ကြီးက အမေရိကန်နိုင်ငံသို့ ပင့်ဆောင်သွားရန် မတိုးရိမ်ဆရာတော်အား လှူလိုက်ကြောင်း ပြောပြပါသည်။ အလွန်ထူးဆန်းသည်မှာ ဆရာတော်ပင့်ဆောင်လာသော ဘုရား၏မျက်နှာတော်မှာ အမြဲတမ်းအသက်ဝင်နေသကဲ့သို့ ပြုံးရွှင်နေပါသည်၊ ဆရာတော်ပြောပြချက်အရ သိရှိရသည်မှာ "ဘုရား၏ ဒေါးပတ်ပတ်လယ်ရှိ ဂွင်းလေးဂွင်းမှာ တစ်နှစ်တစ်ခါဒေသစာရီကြွချီရန် ဖြစ်ကြောင်း၊ ထို့ကြောင့် ဤကျောင်းကို ကြွချီလာသောနေ့မှစ၍ နှစ်စဉ်ဘုရားဒေသစာရီကြွချီပွဲ ပြုလုပ်ရမည်"ဟု ဆရာတော်က ဒကာ၊ဒကာမများအား ပြောကြားပါသည်။ ထို့နောက်ဆရာတော်က သူပင့်ဆောင်လာသောဘုရားကြီးအား "သိရိဝရသိဒ္ဓိဆုတောင်းပြည့်ဘုရား" ဟု အမည်တွင်စေခဲ့ပါသည်။ ဘုရားကြီးအားပင့်ဆောင်လာပြီးနောက်ပိုင်းတွင် ဘုရားကြီးအားလာရောက်ဖူးမျှော်ကြသော ဒကာ, ဒကာမများ၏ စေတနာကြောင့် အတော်ကလေး ပြည့်စုံလာပေပြီ။

ဘုရားခန်း၌ ဆီးမီးပူဇော်နိုင်ရန် တထောင်ကျော်တန် ခရစ်စတယ်မီးဆိုင်းကြီးနှစ်ခုအား အင်ဂျင်နီယာ ဦးတောင် (Tom Lue) + ဇနီးဒေါ်ခင်မြင့်မိသားစုမှလည်းကောင်း၊ ဘုရားကြီးရောင်ခြည်တော်မီးကို ဒေါ်တင်စိန် မိသားစုမှလည်းကောင်း၊ ဘုရားပလ္လင်တော်ကြီးကို အလှူရှင်ဦးထွန်းမင်း ဒေါ်အိအိမေထံမှ ပြန်လည်အလှူခံကာ (လားရှိုး)ဒေါ်လှလှရီမှလည်းကောင်း၊ ကျန်ပလ္လင်တော်နှစ်ခုအား မမှုမိတ်ဆွေအပေါင်းမှလည်းကောင်း ကျောက်ဆင်းတုဘုရားတစ်ဆူ (ရေးဟောင်းပုဂံခေတ်)ကို ယက္ကန်းစင်တောင်ဆရာတော်မှလည်းကောင်း ကျန်ဘုရားတစ်ဆူအား ဦးထွန်းမင်းမိသားစုမှလည်းကောင်း။ ထီးဖြူနှစ်လက်အား ဦးမင်းနိုင်+ဒေါ်သီသီဖြူ မိသားစုမှလည်းကောင်း၊ ကျောက်ဆင်းတုနှစ်ဆူမှ ရောင်ခြည်တော်မီးကို ဦးတောင်+ဒေါ်ခင်မြင့်၏ သားနှင့် သမီးမှလည်းကောင်း၊ ဦးဌေးကြည် ဇနီးဒေါ်နီနီ ခင်မိသားစုမှ မှန်ဘီဒိုနှစ်လုံးကိုလည်းကောင်း၊ ကွယ်လွန်သူ ဒေါ်ဟင်းမြိုင်အားရည်စူး၍ ဒေါ်အေးအေးခင်မောင်နှမတစုမှ မှန်ဘီဒို တစ်လုံးကိုလည်းကောင်း၊ ဦးကြောင်ငါး+ ဒေါ်စိန်ကြီးကို အမှူးပြု၍ ဦးမျိုးဝင်း+ဒေါ်လီလီဝင်းမိသားစုမှလည်းကောင်း၊ ဦးခင်ချိုမိသားစုမှ လေးဘက်မြင် မှန်ဘီဒို တစ်လုံးကိုလည်းကောင်း၊ ဘုရားခန်း ခန်းဆီးကန်လန့်ကာကို ဦးတောင်+ဒေါ်ခင်မြင့်မိသားစုမှ လည်းကောင်း။ ဆလိုက်မီးတိုင်နှစ်ခုကို ဦးထွန်းမင်း မိသားစုမှလည်းကောင်း၊ ကိုလှစိန် ဇနီးမလှလှရီမိသားစုမှ ပိဋကတ်သုံးပုံကိုလည်းကောင်း လှူဒါန်းထားပါသည်။

## ဆရာတော်ကြီး၏ နောက်ဆုံးနေ့အကြောင်း

ဆရာတော်သည် ကျောင်းနေသံဃာများ၏ အခက်အခဲပေးမှုကြောင့် နှစ်စဉ်ပြန်နေကြဖြစ်သော မြန်မာနိုင်ငံခရီးစဉ်ကို ပုံမှန်မပြန်နိုင် ဖြစ်ခဲ့ရပါသည်။ ၂၀၀၇-ခုနှစ်၊ ဖေဖေါ်ဝါရီလထမနဲပွဲ အပြီးတွင် အရေးကြီးသော အလှူရေစက်ချပွဲကြောင့် မြန်မာနိုင်ငံသို့ ပြန်ကြွသွားခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ရောက်ပြီး တစ်ရက်ခန့်အကြာတွင် ပထမအကြိမ် Heart Atack ရသဖြင့် ရန်ကုန်၌ ဆေးရုံတင်၍ ကုသခဲ့ပါသည်၊ ဆေးကုသမှုခံယူပြီးသက်သာလာသောအခါ မန္တလေးသို့ ကြွ၍ နှစ်လကျော်ခန့် အနားယူပြီး သူဂတိခံထားသော စေတီတော်ထီးတင်ပွဲအမီ မေလပထမပတ်တွင် အမေရိကန်သို့ ပြန်လည် ကြွရောက်လာပါသည်။ ဆရာတော်သည်

သာသနာနှင့် ပတ်သက်လာပါက အလွန်ဂတိတည်သော ဘုန်းတော်ကြီး တစ်ပါးဖြစ်ပြီး အမျိုး၊ ဘာသာ သာသနာကိုလည်း အလွန်မြတ်နိုးသော ဘုန်းတော်ကြီး တစ်ပါးဖြစ်ပါသည်။ ဓမ္မမိတ်ဆွေများအသင်းအမှုဆောင်များသည် သံဃာ၊ သာသနာနှင့်ပတ်သက်သော စိတ်မကောင်းစရာသတင်းများအား အသက်ကြီးပြီဖြစ်သော ဆရာတော်ကြီးအား အသိမပေးဘဲ ထားခဲ့ပါသည်။ သို့သော်လည်း ဆရာတော်ကြီး၏ အခြေအနေကို မသိသောမိုက်မဲသည့် ဒကာအချို့ ကျောင်းသို့ရောက်လာကာ သာသနာ၊ သံဃာနှင့်ပတ်သက်သော စိတ်မကောင်းစရာသတင်းများ ပေးသွားသည်ကို ဆရာတော်ကြီးမှ ပြောပြသဖြင့် သိရှိရပါသည်။ အမှုဆောင်များက ဆရာတော်အား ကြိုးစား၍ စိတ်ချမ်းသာအောင်နေရန်နှင့် စိတ်မချမ်းသာပါက နောက်ထပ် Heart Atack ဖြစ်မည်ကိုစိုးရိမ်ရကြောင်း လျှောက်ကြားခဲ့ပါသည်။ သို့ပါသော်လည်း အမှုဆောင်များ အလုပ်သွားနေခိုက်နေ့လယ်နေ့ခင်းဘက်တွင် ဆရာတော်ကြီးအား သတင်းပေးသောအုပ်စု ပြန်လည်ရောက်ရှိလာပြီး ဆရာတော်အား Interview လုပ်၍ Internet Website ပေါ်တွင်တင်ကာ တစ်ကမ္ဘာလုံးသိအောင် ကြေညာလိုက်ပါသည်။

နိုဝင်ဘာလ(၁၀)ရက်နေ့တွင် ဆရာတော်မျှော်လင့်စောင့်စားနေသော တပည့်ဖြစ်သူ အရှင်ကေလာသသည် အင်္ဂလန်မှတဆင့် ဆရာတော်အား ပြုစုစောင့်ရှောက်ရန် အမေရိကန်သို့ ကြွရောက်လာပါသည်။ အမှုဆောင်များက အရှင်ကေလာသအား သီးသန့်တွေ့ဆုံပြီး ဆရာတော်ကြီး၏ အခြေအနေမှာ စိတ်ချမ်းသာအောင်ထားရမည် ဖြစ်ကြောင်း၊ ယခုအခါတွင် ဟိုဟိုဒီဒီမှ သတင်းပေးမှုတို့ကြောင့် စိတ်မချမ်းမသာဖြစ်ခါ နေမကောင်းဖြစ်နေပုံ ရကြောင်း တင်ရောက်ခဲ့ပါသည်။ ဆရာတော်သည် သူ၏ငယ်တပည့်ရောက်လာ၍ စကားတပြောပြောနှင့် မူလထက် ရွှင်ရွှင်လန်းလန်း ရှိနေသည်ကို တွေ့ရှိခဲ့ပါသည်။ ဆရာတော်သည် ဆွမ်းဘုဉ်းရာ၌ တပည့်ဖြစ်သူ အရှင်ကေလာသထက်ပင် စိတ်ချမ်းသာစွာဖြင့် ဆွမ်းဘုဉ်းနိုင်ခဲ့ပါသည်။ ဒီဇင်ဘာလလယ်လောက်တွင် ဆရာတော်အား ဒကာနှစ်ဦး၏ အစီအစဉ်ဖြင့် သံဃာငယ်များ သွားသင့်သည့်ခရီးကို အသက်အရွယ်ကြီးရင့်၍ ကျန်းမာရေး မကောင်းဖြစ်နေသော ဆရာတော်အား အတင်းတိုက်တွန်းကာ အလွန်အေးသော ရာသီကာလတွင် စန်ဖရန်စစ်စကိုသို့ ပင့်ဆောင်သွားကြပါသည်။ စန်ဖရန်စစ်စကိုသို့ ရောက်ရှိပြီး ဆရာတော် ဒုတိယအကြိမ် Heart Atack ပြင်းထန်စွာဖြစ်ပါသည်။ ဆရာတော်အား စန်ဖရန်စစ်စကိုသို့ ပင့်ဆောင်သွားသော ဒကာသည်လည်းကောင်း၊ စန်ဖရန်စစ်စကိုရှိ ဘုန်းကြီးများသည်လည်းကောင်း ဓမ္မမိတ်ဆွေများအသင်းသို့ လုံးဝအကြောင်း မကြားပါ။ တစ်ခုတည်းသောအရာကိုသာ ဆရာတော်နှင့်အတူ လိုက်ပါသွားသောဒကာမှ ခေါ်မသွားဘဲကျောင်းတွင် ချန်ထားခဲ့သော အရှင်ကေလာသ ထံ ဖုန်းဆက်၍ တောင်းယူခဲ့ပါသည်။ အဲဒါကတော့ ဆရာတော်အား အသင်းမှပြုလုပ်ပေးထားသော Health Insurance Card အား Copy ကူး၍ Fax နှင့် ပို့ခိုင်းခြင်း ဖြစ်ပါသည်။ အကြောင်းအရာများကို အရှင်ကေလာသမှ အတွင်းရေးမှူး ကိုကျော်ဇင်ထံ ဖုန်းဆက်၍ ညတွင်းချင်း ပြောပြပါသည်။ ဒေါ်အိအိမေမှ စိတ်ပူသဖြင့် ဆရာတော်နှင့်အတူလိုက်သွားသူထံသို့ ဖုန်းဆက်မေးရာ အမှန် အတိုင်းမပြောဘဲ ဟိုမှာရှိသောဆရာဝန်များက ဆရာတော်ကြီးသောက်သုံးနေသော ဆေးကို စစ်ဆေးလို၍ ဖြစ်ကြောင်းကိုသာပြောပြီး အဖြစ်မှန်ကိုမပြောဘဲထားပါသည်။ တဖန် ဒေါ်အိအိမေက စန်ဖရန်စစ်စကိုရှိ သူ၏ အသိများထံဖုန်းဖြင့် လှမ်းမေးရာ ဆရာတော်ကြီး Heart Atack ဖြစ်၍ အရေးပေါ်အခန်းတင်ထားကြောင်း သိရှိခဲ့ပါသည်။ ဒေါ်အိအိမေမှ ဆရာတော်ကြီးနှင့် အတူလိုက်ပါသွားသော ဒကာအား စိတ်ဆိုးစွာဖြင့် အသက် အရွယ်ကြီးရင့်ပြီး နေထိုင်မကောင်းဖြစ်နေသော ဘုန်းတော်ကြီးအား လူရော သံဃာများပါ အခွင့်အရေးယူ နိုင်ငံရေး ကိစ္စများတွင် အသုံးမချသင့်ကြောင်း၊ ဆရာတော်ကြီး အသက်အန္တရာယ်ရှိလာပါက မင်းတို့အားလုံး တာဝန် မကင်းကြောင်းပြောရာ ထိုဒကာကဆရာတော်၏ သဘောအတိုင်း လုပ်ပေးခြင်းဖြစ်သည်ဟု ဖြေဆို၍ ဖုန်းချ

သွားခဲ့ပါသည်။ ဆရာတော်သည် သက်သာ၍ စန်ဖရန့်စစ်စကိုမှ နယူးယောက်သို့ ပြန်ရောက် ကြွလာသည့်အခါ ခရီးမသွားခင်က ဆွမ်းဘုဉ်းသလောက် မဘုဉ်းနိုင်တော့ပါ။ ထိုသို့ ပြန်ကြွလာသည့်နောက် ဆရာတော်ထံသို့ နိုင်ငံရေးတွင် ကိုယ်ကျိုးဖွန့်မည်ဟု ထင်ရလောက်သော သံဃာငယ်များကြွလာခါ ဆရာတော်ကြီး အသက်သေမလောက်စံစားရင်း တရားဟော၍ ရခဲ့သောငွေများကို ယူဆောင်သွားကြပါသည်။ ထိုအချိန်၌ ဒေါ်အိအိမေ ကျောင်းသို့ ရောက်ရှိနေခိုက်နှင့်ကြုံ၍ ဒေါ်အိအိမေက သံဃာများအား "အရှင်ဘုရားတို့ အသက်ကြီးပြီဖြစ်သော ဆရာတော်ကြီးအား အသုံးမချရန် နောက်နောင်တွင် ဆရာတော်ကြီးအား ခရီးဝေးသွားရန် မတိုက်တွန်းသင့်ကြောင်း၊ အရှင်ဘုရားတို့ ကိုယ့်ဘာသာ သွားသင့်ကြောင်း၊ လူရော, ဘုန်းကြီးများပါ ဆရာတော် မပင့်ဖိတ်ဘဲ နိုင်ငံရေးကို အကြောင်းပြပြီး ကြွမလာကြရန်" ပြောဆိုလိုက်ပါသည်။

၂၀၀၈-ခုနှစ်၊ ဧပြီလ(၂၆)ရက်နေ့တွင် သံဃာအုပ်စုမှ ဆရာတော်ကြီးထံဖုန်းဆက်၍ ကုလသမဂ္ဂရှေ့တွင် လူနစ်ထောင် လာရောက်ဆန္ဒပြမည်ဖြစ်၍ အားရှိရန်ဆရာတော်အား ကြွရောက်ဖို့ ပင့်ဖိတ်ပါသည်။ လူငယ်အချို့ ကျောင်းသို့ ရောက်လာပြီးဆရာတော်အား ပင့်ဆောင်ပါသည်။ အရှင်ကေလာသ၏ ပြောပြချက်အရ ဆရာတော်ကြီးသည် ထိုနေ့ကမိုးအလွန်အေးပြီ လေများပြင်းထန်စွာတိုက်နေသဖြင့် အပြင်သို့မထွက်လိုကြောင်း လာခေါ်သော သူများအား ပြောသည်ဟုဆိုပါသည်။ လာရောက်ပင့်ဆောင်သူများက ဆရာတော်ကြီးကို အကြောင်းပြပြီး လူနစ်ထောင်ကျော် လာရောက်ပါမည်ဟုပြောသဖြင့် အားနာကာ နေမကောင်းသည့်ကြားက ထလိုက်သွားရကြောင်း၊ ညနေစောင်း လေးနာရီသာသာလောက်တွင် ဆရာတော်ကြီးသည် တပည့်ဖြစ်သူ အရှင်ကေလာသနှင့် အတူ ပြန်လည်ရောက်ရှိလာပါသည်။ ထိုနေ့က ငှင်းနေရာသို့ လာရောက်ကြသည်မှာ အရောက် ၃၀-ပင် မပြည့်ပါ။ ဆရာတော်ကြီးသည် အမိုးအကာမရှိသော လေဟာပြင်၌ မိုးဒဏ်လေဒဏ်ခံခဲ့ရ၍ ထိုနေ့တစ်ညလုံး နေမကောင်း ဖြစ်ပါတော့သည်။ နောက်တစ်နေ့ ဧပြီလ ၂၇-ရက်နေ့တွင် ကျောင်း၌ ဒကာမတဦး မွေးနေ့ဆွမ်း လာကပ်ရာတွင် ဆရာတော် နေမကောင်းသဖြင့် ဆွမ်းမစားနိုင်ပါ။ ထိုနေ့သည် တနင်္ဂနွေဖြစ်ပါသည်။ တနင်္ဂနွေနေ့တိုင်းကျောင်းတွင် ဆရာတော်နှင့်တကွ ဝတ်အသင်းသူအသင်းသားများ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဘာသာရေးနှင့်ပတ်သက်သော စာပေများသင်ကြားပို့ချပေးခြင်းအလုပ်ကို ပြုလုပ်နေကြ ဖြစ်ပါသည်။ သာသနာ့ဥသျှောင်အဖွဲ့မှ သံဃာများက နေမကောင်းဖြစ်နေသော ဆရာတော်ကြီးအား ကိုယ့်အစီအစဉ်ဖြင့် Queens သို့ ငှားရမ်းထားသော ကျောင်းဖွင့်ပွဲသို့ ကြွရောက်ရန် ဖိတ်ကြားသဖြင့် အမြင်မတော်သူ ဒကာတဦးက "ဘုန်းဘုန်းကြီးဘုရား နေလည်း မကောင်းဘူး ၊ အရှင်ဘုရား ဘာနှင့်ကြွမှာလဲ" ဟု လျှောက်ထားရာ "ဒီလိုဘဲပေါ့ကွ" ဟု ပြောသဖြင့် ဒကာက "မသင့်တော်ပါဘူးဘုရား တပည့်တော်လိုက်ပို့မယ်" ဟုဆိုကာ Queens သို့ လိုက်ပို့ပေးခဲ့သည်။ ကျောင်းဖွင့်ပွဲအစည်းအဝေး၌ နေမကောင်းဖြစ်နေသော ဆရာတော်အား အချိန်ကြာမြင့်စွာ အမေးအဖြေများကို ပြုလုပ်သဖြင့် ဆရာတော်က "သူမောကြောင်း၊ ရင်ဘတ်မှလည်း အောင့်ကြောင်း" ပြောရာ မည်သည့်သံဃာကမှ အရေးမလုပ်ဘဲ ဆက်လက်၍မေးမြန်းနေခဲ့ရာ ဆရာတော်က "ငါမောနေပြီကွာ၊ ရင်ဘတ်ကလည်းအောင့်တယ်၊ မင်းတို့ဘဲ ဆက်ပြောကြတော့" ဟုဆို၍ ရပ်လိုက်ပါသည်။ ထိုသို့ ဆရာတော်ကြီးမှ သူမောကြောင်းကို ပြောဆိုသည့်အသံကို ဆရာတော်ကြွရာသို့ လိုက်ပါသွားသော အရှင်ကေလာသမှ မှတ်တမ်းတင်ရိုက်ခဲ့သော ဗီဒီယိုထဲ၌ အမူဆောင်များမှ ဆရာတော်ပျံလွန်တော်မူပြီးနောက် တွေ့ရှိကြည့်ရှုရ၍ မြင်တွေ့ကြားသိရပါသည်။ ယခုအခါ ထိုဗီဒီယိုကို ကြည့်ရှုလိုပါက ကြည့်ရှုနိုင်ပါသည်။ ထိုပွဲမှကျောင်းသို့ ပြန်ကြွလာသောအခါ ဆရာတော်သည် ကျောင်းလှေခါးကို မတက်နိုင်ဘဲ မောနေပါသည်။

အရှင်ကေလာသမှ ကိုကျော်ဇင်အား လှမ်းခေါ်၍ ကိုကျော်ဇင်ကျောင်းသို့ ရောက်သောအခါ ဆရာတော်ကြီးအား အရှင်ကေလာသနှင့်အတူ ပြုစုပါသည်။ ဧပြီလ ၂၈-ရက်နေ့ညတွင် ဆရာတော်သည် တပည့်ဖြစ်သူ အရှင်ကေလာသအား သူနှင့်အတူ အိပ်ခန်းတွင်းဌ်နေရန် ခေါ်ထားပါသည်။ ဦးပဇင်းလည်းဆရာတော်အား တစ်ညလုံးဝတ်ပြုနေခဲ့ကြောင်း သိရှိရပါသည်။ ဧပြီလ ၂၉-ရက် အင်္ဂါနေ့ နံက် ၆-နာရီကျော်ကျော်လောက်တွင် ဒေါ်အိအိမေကကျောင်းသို့ ရောက်လာပြီး သူ့အလုပ်မသွားခင် ဆရာတော်ကြီးအား ဆွမ်းဟင်းလာပို့ကြောင်း လျှောက်ထားရာ ဆရာတော်ကသူ၏ အခန်းထဲမှ ကုတင်ပေါ်တွင်ထိုင်ပြီး အလှူခံအကပ်ခံကာ မေတ္တာပို့သလျက် ဆုများ ပေးပါသည်။ ဒေါ်အိအိမေ ပြန်သွားပြီး ၅မိနစ်ခန့်အကြာ ဆရာတော်က "သူခဏ ပြန်မှိန်းလိုက်အုံးမယ်" ဟုဆိုသဖြင့် အရှင်ကေလာသက ဆရာတော်အား ကိုယ်ကိုထိန်းပေးကာ အိပ်ယာပေါ်သို့ လှဲပေးပါသည်။ ထို့နောက် အရှင်ကေလာသသည် ဆရာတော့် ကုတင်ဘေးမှ နောက်သို့ နောက်ပြန်ဆုတ်စဉ် ဆရာတော်၏ လက်နှစ်ဘက် မြောက်တက်သွားကြောင်း အရှင်ကေလာသကတွေ့ရှိသဖြင့် ဆရာတော်အား ခေါ်ရာ ခေါ်မရ၍ ကိုကျော်ဇင်အား ဖုန်းဖြင့်လှမ်းခေါ်သဖြင့် ကျောင်းသို့ အပြေးသွားခဲ့ရာ ကျောင်းရှေ့၌ ဆေးရုံကား ၄-၅ စီး ရောက်ရှိနေသည်ကို တွေ့ရှိရပါသည်။ အရှင်ကေလာသမှ ကိုကျော်ဇင်အား ဖုန်းခေါ်သောအချိန်ကို ဖုန်းကို စစ်ဆေးကြည့်ချက်အရ ဆရာတော်ကြီးသည် နံနက် ၆-နာရီ ၂၈-မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူ သွားခဲ့ပါသည်။

## မျိုးဆက်သစ် သာသာပြု

ဆရာတော် ဘဝနတ်ထံပျံလွန်တော်မူပြီးနောက် ဆရာတော်အသက်ထင်ရှားရှိစဉ်က ဓမ္မမိတ်ဆွေများ အသင်း သာသနာနှင့်ပတ်သက်သော အကူအညီများကိုပေးခဲ့ကြသော လောကချမ်းသာဘုရားကျောင်း ဆရာတော် ဦးကုဏ္ဍက၊ ဆရာတော်ဦးမဟောသဓပဏ္ဍိတ၊ ဆရာတော် ဦးအဘယာလင်္ကာရ ဆရာတော်ကြီးသုံးပါးထံ ဓမ္မမိတ်ဆွေများအသင်း အမှုဆောင်များသည် "ဆရာတော်များက ဩဝါဒါစရိယဆရာတော်ကြီးများအဖြစ်နေ၍ သာသနာတော်၏အကျိုးမျှော်ကိုးကာ ကျန်ရစ်သူ မစိုးရိမ်ဆရာတော်ကြီး၏ငယ်တပည့် အရှင်ကေလာသအား ဆောင့်ရှောက်ပါရန်" ပန်ကြားလျှောက်ထားခဲ့ပါသည်။ ဆရာတော်များက "မစိုးရိမ်ဆရာတော် သက်တော်ထင်ရှား ရှိစဉ် သူတို့၏ သာသနာပြုလုပ်ငန်းများအတွက် အကူအညီများပေးခဲ့ကြောင်း၊ ထို့ကြောင့် ဆရာတော်ကြီး၏ ကျေးဇူးကိုဆပ်သောအနေဖြင့် ကူညီစောင့်ရှောက်ပေးမည်" ဟုပြောခါ ဆရာတော်ကြီးသုံးပါးမှ အရှင်ကေလာသ အား ဓမ္မမိတ်ဆွေများအသင်း မစိုးရိမ်သာသနဓောတိကကျောင်း ကျောင်းထိုင်ဆရာတော်အဖြစ် အသိအမှတ်ပြု တင်မြှောက်ခဲ့ပါသည်။

ယခုအခါတွင် ဆရာတော် အရှင်ကေလာသသည် မြတ်ဗုဒ္ဓ၏ သာသနာ့လမ်းစဉ်၊ သူ၏ ဆရာတော်ကြီး ဦးကောဝိဒါဘိဝံသ၏ သာသနာ့လမ်းစဉ် စည်းမျဉ်းစည်းကမ်းများအတိုင်း ဩဝါဒါစရိယ ဆရာတော်ကြီး သုံးပါးနှင့်လက်တွဲကာ ဆက်လက်၍ သာသနာပြုနေပါကြောင်း ဓမ္မမိတ်ဆွေအပေါင်းအား အသိပေး လိုက်ပါကြောင်း။ ။

ဓမ္မမိတ်ဆွေများအသင်း

အမှုဆောင်အဖွဲ့